# ပြင်းဖြူကျေးရွာ
# ပုလောမြို့နယ်၊
# မြိတ်ခရိုင်
# တနင်္သာရီတိုင်းဒေသကြီး

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၂၂ - ၂၀၂၇)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ပြင်းဖြူကျေးရွာ၊ ပုလောမြို့နယ်

(သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)
၂၀၂၂ ခုနှစ်၊ ဇွန်လ

## မာတိကာ


| စဉ် | အကြောင်းအရာ | မှတ်ချက် |
|---|---|---|
| | **စကားချီး** | |
| | **ပြင်းဖြူကျေးရွာ သယံဇာတပြမြေပုံ၊ ပုလောမြို့နယ်** | |
| ၁။ | **တည်နေရာနှင့် ပထဝီဝင် အနေအထား** | |
| ၂။ | **ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ** | |
| ၃။ | **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ** | |
| ၄။ | **စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ** | |
| | (က) သီးနှံ စိုက်ပျိုးရေး | |
| | (ခ) မွေးမြူရေးနှင့် ငါးလုပ်ငန်း | |
| | (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ | |
| | (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု | |
| ၅။ | **အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ** | |
| | (က) ကျေးလက် သယ်ယူပို့ဆောင်ရေး | |
| | (ခ) ကျေးရွာ မီးလင်းရေး | |
| | (ဂ) သတင်းနှင့် ဆက်သွယ်ရေး | |
| ၆။ | **ပညာရေး** | |
| ၇။ | **ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး** | |
| ၈။ | **ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | |
| ၉။ | **ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ** | |
| ၁၀။ | **ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ** | |
| | | |
| **နောက်ဆက်တွဲ** | | |
| | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း | |
| | နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ | |
| | **နောက်ဆက်တွဲ (၃)** ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား | |
| | **နောက်ဆက်တွဲ (၄)** ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁) | |
| | **နောက်ဆက်တွဲ (၅)** ဦးစားပေးစီမံချက် အဆိုပြုလွှာ (၂) | |
| | **နောက်ဆက်တွဲ (၆)** ဦးစားပေးစီမံချက် အဆိုပြုလွှာ (၃) | |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ကျွန်ုပ်တို့ ကျေးရွာ၏ လူထုအများစုပေါင်းပါဝင် ရေးဆွဲထားသည့် ၂၀၂၂/၂၀၂၃ဘဏ္ဍာရေးနှစ်မှ ၂၀၂၇/၂၀၂၈ ခုနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော် ဆောင်ရွက်မည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက် အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင် ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်း များနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင် ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင် ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင် ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်း စဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်း အချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး ကဲ့သို့ သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှု တို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်း တိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်း အစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင် ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနစသည့် သက်ဆိုင်ရာ ဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။

ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြဇယား၊ နှစ်စဉ် ဦးစားပေးစီမံချက် အဆိုပြုလွှာစသည် တို့ကို အဓိကထား ဖော်ပြထားပါသည်။

**၂၀၂၂ ခုနှစ်၊ ဇွန် လ**

**ကျေးရွာဖွံ့ဖြိုးရေးကော်မတီ**
**ပြင်းဖြူကျေးရွာ**
**ပုလောမြို့နယ်**

# လက္ကျူးကျေးရွာအုပ်စု၊ ပြင်းဖြူကျေးရွာ သယံဇာတပြမြေပုံ၊ ပုလောမြို့နယ်




## ရာသီခွင်ပြ ပြက္ခဒိန်

| အဖြစ်အပျက်များ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ရာသီဥတု | ပူပြင်းမိုးနည်း | မိုးများ | မိုးများ | မိုးများ | မိုးများ | မိုးအသင့်တင့် /နေပူ | ဆောင်းမိုးမရွာ နေပူ | ဆောင်းမိုးမရွာ နေပူ | ဆောင်းမိုးမရွာ | ပူပြင်း ခြောက်သွေ့ | ပူပြင်း ခြောက်သွေ့ | ပူပြင်း ခြောက်သွေ့ | |
| အလုပ်အကိုင် | ဥယျာဉ် | စပါး | စပါး | စပါး | စပါး | ဥယျာဉ်ကွမ်းသီး | ဥယျာဉ်ကွမ်းသီး | ဥယျာဉ်ကွမ်းသီး | ဥယျာဉ်ကွမ်းသီး | ဥယျာဉ်ကွမ်းသီး | ဥယျာဉ်ကွမ်းသီး | ဥယျာဉ်ကွမ်းသီး | |
| လက်လုပ်လက်စားမိသားစုဝင်ငွေရရှိမှု | အသင့်အတင့် | အသင့်အတင့် | အသင့်အတင့် | အသင့်အတင့် | အသင့်အတင့် | အသင့်အတင့် | အသင့်အတင့် | အသင့်အတင့် | အသင့်အတင့် | အသင့်အတင့် | အသင့်အတင့် | အသင့်အတင့် | |
| အသုံးစရိတ် | သင့် | နည်း | နည်း | နည်း | သင့် | သင့် | များ | များ | များ | များ | များ | များ | |
| ချေးငွေလိုအပ်မှု | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | |
| ဝမ်းစာဖူလုံမှု | သင့် | သင့် | သင့် | သင့် | သင့် | သင့် | သင့် | သင့် | သင့် | သင့် | သင့် | သင့် | |
| သောက်သုံးရေရရှိမှု | လုံလောက် | လုံလောက် | လုံလောက် | လုံလောက် | လုံလောက် | လုံလောက် | လုံလောက် | လုံလောက် | လုံလောက် | လုံလောက် | လုံလောက် | လုံလောက် | |
| တိရစ္ဆာန်ရောဂါကျရောက်မှု | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | |
| ကျန်းမာရေး(ဖျားနာခြင်း) | မရှိ | သင့် | သင့် | သင့် | သင့် | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | |
| သီးနှံရောဂါကျရောက်မှု | မရှိ | မရှိ | သင့် | သင့် | သင့် | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | |
| ပွဲတော်များ | သင်္ကြန် | ရေသွန်းပွဲ | မရှိ | မရှိ | မရှိ | မရှိ | မီးထွန်းပွဲ | ကထိန်ပွဲ | မရှိ | မရှိ | မရှိ | မရှိ | |
| သဘာဝဘေး အန္တရာယ်ကျရောက်မှု | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | |

## ၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ပြင်းဖြူကျေးရွာသည် လက္ကာူးကျေးရွာအုပ်စု၊ ပုလောမြို့နယ် ပါဝင်ပါသည်။ မြောက်လတ္တီတွဒ် ၁၃ဒီဂရီ၊၁၈မိနစ်၃၈စက္ကန့် နှင့် အရှေ့လောင်ဂျီတွဒ် ၉၈ဒီဂရီ ၄၁မိနစ်၊ ၁၆စက္ကန့် ကြားတွင်တည်ရှိပြီး အရှေ့ဘက်တွင် လက္ကာူးကျေးရွာ၊ အနောက်ဘက်တွင် ပင်လယ် များ၊ တောင်ဘက်တွင် ဘုရားတက်ကျေးရွာ၊ မြောက်ဘက်တွင် မင်းထိန် ကျေးရွာ တို့နှင့် ထိစပ် လျှက်ရှိပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ပြင်းဖြူကျေးရွာသည် ပူနွေးစွတ်စိုသော ရာသီဥတုရှိပြီး၊ အမြင့်ဆုံးပူချိန် (၉၀) ဒီဂရီ စင်တီဂရိတ်နှင့် အနိမ့်ဆုံးအပူချိန်မှာ (၇၀) ဒီဂရီစင်တီဂရိတ် ဖြစ်ပါသည်။ကျေးရွာ၏ အမြင့်ဆုံးမိုးရေချိန်မှာ (၁၉၅) လက်မဖြစ်ပြီး၊ အနိမ့်ဆုံးမိုးရေချိန်မှာ (၉၅) လက်မဖြစ်ပါ သည်။ ကျေးရွာတွင် ဓာတ်သတ္တုနှင့် အခြား တွင်းထွက်သယံဇာတများ မထွက်ရှိပါ။ သဘာဝ အရင်းအမြစ်များဖြစ်သည့် သဲ၊ကျောက်များထွက်ရှိသော်လည်း ကျေးရွာမှ လုပ်ဆောင်ခြင်း မရှိပါ။သဘာဝအပင်မျိုးစိတ်များနှင့် တိရစ္ဆာန်မျိုးစိတ်များအား ကျေးရွာ နှင့် အနီးတဝိုက် တွင် အလွယ်တကူရရှိပါသည်။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ပြင်းဖြူကျေးရွာတွင် အိမ်ထောင်စုပေါင်း (၆၆) အိမ်ရှိ ပြီး လူဦးရေစုစု ပေါင်း (၃၄၂) ဦးရှိပါသည်။ ကျေးရွာတွင် ဖွံ့ဖြိုးမှုပိုင်းအနေဖြင့် တိုးတက်မှု အသင့်အတင့်ရှိ သော ကျေးရွာတရွာဖြစ်ပါသည်။

ပြင်းဖြူကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် ဦးတည်၍ ဖွဲ့စည်းထားသော အဖွဲ့များ များစွာမရှိသော်လည်း ကျေးရွာ၏ ရပ်ရွာရေး၊ သာရေး/နာရေး နှင့် ကျေးရွာအတွက် လိုအပ်သောကိစ္စအဝဝ မှန်သမျှကို ကက်သလစ်ဘုန်းတော်ကြီးဦးဆောင်သော ကက်သလစ် သာသနာပြုအသင်းတော်ကသာ တာဝန်ယူဦးဆောင်၍ တစ်ရွာလုံး စည်းလုံးညီညွတ် စွာဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်ကိုတွေ့ရှိပါသည်။

ပြင်းဖြူကျေးရွာသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရန်အတွက် ကျေးရွာတွင်းရှိ အဖွဲ့အစည်း များ၊ ပြင်ပမှ အဖွဲ့အစည်းများနှင့်ပါ ပူပေါင်း၍ ကျေးရွာဖွံ့ဖြိုး တိုးတက်ရေး အတွက် စိတ်အားထက်သန်စွာဖြင့်ဆောင်ရွက်လျက်ရှိကြသည်ကိုတွေ့ရှိရပါသည်။

## ၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (က) သီးနှံ စိုက်ပျိုးရေး

ပြင်းဖြူကျေးရွာတွင် စိုက်ပျိုးနိုင်သော မြေဧရိယာမှာ ဥယျာဉ်ခြံမြေ၊ယာ/တောင်ယာမြေ(၂၀၂)ဧက ရှိပါသည်။ ၂.၅ဧကအောက် ဆင်းရဲသားတောင်သူ (၃၁)အိမ်ထောင် စု၊ ၂.၅ ဧကမှ ၅ ဧကကြား တောင်သူငယ် (၂၀) အိမ် ထောင်စု၊ ၅ ဧကမှ ၁၂.၅ ဧကကြား တောင်သူလတ် (၈) အိမ်ထောင်စု၊ ၁၂.၅ ဧကအထက် တောင်သူကြီး (၂)အိမ်ထောင်စု စသည်တို့ ရှိကြပြီး အဓိကအားဖြင့် ဥယျာဉ်ခြံ သီးနှံများ ကို အဓိကအားထား စိုက်ပျိုးကြပါသည်။ မြေယာမဲ့ အိမ်ထောင်စုများသည် စုစုပေါင်း အိမ်ထောင်စု၏ (၇.၅%) ခန့်ရှိပါသည်။ မဒေါကျေးရွာတွင် အလုပ်လုပ်နိုင်သောလူဦးရေးစုစုပေါင်းမှာ (၁၇၄)ဦး ဖြစ်ပြီး ကျား(၈၄)ဦး ၊ မ(၉၀)ဦး ရှိသောကြောင့် အမျိုးသမီးလုပ်သားအင်အားမှာ အမျိုးသား လုပ်သား အင်အား ထက်ပိုမိုပါသည်။ မဒေါကျေးရွာတွင် အဓိကအသက်မွေးဝမ်းကျောင်း လုပ်ငန်းအဖြစ် စိုက်ပျိုးရေးလုပ်ငန်း(တောင်ယာလုပ်ငန်း၊ ဥယျဉ်ခြံလုပ်ငန်း)များကိုသာ အဓိကထား လုပ်ကိုင်လျက်ရှိကြပါသည်။ ပြင်းဖြူကျေးရွာတွင်အိမ်ထောင်စု (၆၆)စုရှိပြီး ဥယျာဉ်ခြံ လုပ်ငန်းကို အိမ်ထောင်စု (၆၁) စုက လုပ်ကိုင်လျက်ရှိကြပါသည်။

### (ခ) မွေးမြူရေးနှင့် ငါးလုပ်ငန်း

ပြင်းဖြူကျေးရွာ၏ မွေးမြူရေးကဏ္ဍတွင် အိမ်ထောင်အများစုမှာ နွား၊ ဝက်၊ ကြက်၊ စသည်တို့ကို တစ်ပိုင်တစ်နိုင်သာ မွေးမြူကြပါသည်။ ပြင်းဖြူကျေးရွာတွင် မွေးမြူရေးနှင့် ပတ်သက်၍ ကြက်၊ ဝက်၊ ကျွဲ၊ နွားများကို မိမိတို့ စာနပ်ရိက္ခာဖူလုံမှု ရရှိစေရေးအတွက် ရွာတွင်းမိမိခြံဝင်းအတွင်းနှင့် စားကျက်မြေတို့၌ တနိုင်တပိုင်လုပ်ကိုင်ကြလျက်ရှိပါသည်။ ဒေသမျိုးများကိုသာမွေးမြူကြပါသည်။ မဒေါကျေးရွာတွင် ငါးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ခြင်း မရှိပါ။ အိမ်ခြံဝင်းအတွင်း မြေနေရာ အသင့်အတင့်ရှိခြင်း၊ ရေအသင့်အတင့်ရှိခြင်းက မွေးမြူရေးလုပ်ကိုင်ရန် အလားအလာကောင်းများဖြစ်ပါသည်။ပြင်းဖြူကျေးရွာသည် မြို့နှင့် အလှမ်းဝေးပြီး လမ်းပမ်းဆက်သွယ်ရေးခက်ခဲ သောကျေးရွာဖြစ်ပါသည်။ မွေးမြူရေး လုပ်ငန်းတိုးတက်ရန်အတွက် မျိုးကောင်းမျိုးသန့်၊ နည်းပညာဝန်ဆောင်မှုနှင့် ဈေးငွေရရှိမည်ဆိုပါက မွေးမြူရေးလုပ်ငန်းဖြင့် ဝင်ငွေတိုးတက်နိုင် ပါသည်။

## (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ပြင်းဖြူကျေးရွာတွင် မိရိုးဖလာ တောင်ယာစပါးစိုက်ခြင်းလုပ်ငန်းနှင့် မိမိပိုင် ဥ ယျာဉ်ခြံ လုပ်ငန်း ကိုသာ အဓိကထား၍ လုပ်ကိုင်လျက်ရှိသော ရွာတစ်ရွာဖြစ်ပါသည်။ လမ်းပန်း ဆက်သွယ်ရေးမကောင်းမွန်ခြင်း၊ မီးမရရှိခြင်း၊ လက်မှုပညာ တတ်မြောက်မှု အားနည်း ခြင်းက အသက်မွေးဝမ်းကျောင်းပညာရပ်ဖြင့် လုပ်ကိုင်ရန် အဟန့်အတား များဖြစ်စေပါ သည်။ ထို့ကြောင့် အသက်မွေးဝမ်းကျောင်းသင်တန်းများ (စက်ပြင်၊အပ်ချုပ်၊ ဆိုင်ကယ်ပြင်၊ လက်သမား၊ပန်းရံ၊မုန့်လုပ်)သင်တန်းများ ဖွင့်လှစ်ပေးရန် လိုအပ်နေပါသည်။

## (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ပြင်းဖြူကျေးရွာတွင် တောင်ယာစပါးသာ စိုက်ပျိုးသည့်အတွက် မြန်မာ့လယ်ယာ ဖွံ့ဖြိုး ရေးဘဏ်မှ ချေးငွေ မရရှိပါ။ ကျန်းမာရေးနှင့် အရေးပေါ်ငွေကြေး လိုအပ်ချက် များဖြစ်ပေါ်လာပါ ဆွေမျိုး/မိတ်ဆွေများထံတွင် ချေးငှားကြပါသည်။ထို့ကြောင့် စိုက်ပျိုး ရေး/မွေးမြူရေးနှင့် ကဏ္ဍပေါင်းစုံလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အတိုးနှုန်းသက်သာသော ချေးငွေရရန် လိုအပ်နေပါသည်။

## ၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

### (က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ပြင်းဖြူ**ကျေးရွာ၏ သယ်ယူပို့ဆောင်ရေးယာဥ်များ အသုံးပြုမှုမှာ မော်တော်ဆိုင် ကယ်ကိုသာ အသုံးပြုကြပါသည်။** စက်ဘီးစီးရေမှာ(၃)စီး ၊ဆိုင်ကယ်(၃၃)စီး၊ နွားလှည်း (၁)စီးရှိပြီး ရွာ၏သယ်ယူ ပို့ဆောင်ရေး တွင် အဓိက အသုံးပြုကြပါသည်။

ကျေးရွာတစ်ရွာ၏ဖွံ့ဖြိုးမှုကို သုံးသပ်လိုလျှင် ကျေးရွာအခြေခံ အဆောက်အဦ ဖွံ့ဖြိုးမှုမှာလည်း အရေးပါလှသော အခန်းကဏ္ဍတစ်ခုဖြစ်ပါသည်။ ပြင်းဖြူကျေးရွာတွင်း လမ်းမှာ မြေသာလမ်းဖြစ်၍ (၀ရ၃)မိုင်အား ကျောက်ခင်းလမ်းအဖြစ် အဆင့်မြင့်တင်ရန် လိုအပ်နေပါသည်။

### (ခ) ကျေးရွာ မီးလင်းရေး

ပြင်းဖြူကျေးရွာတွင် ၂၀၁၅ခုနှစ်၌ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုး

တိုးတက်ရေးဦးစီးဌာနမှ ခွဲဝေချထားပေးသော တစ်အိမ်သုံးဆိုလာ စနစ်ဖြင့် အိမ်ထောင်စု (၄၂)စု ရရှိ၍ ကျန်အိမ်ထောင်စုများမှာ ဖယောင်းတိုင်၊ ဒီဇယ်မီးခွက် များကို အသုံးပြု လျက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ကျန်ရှိ အိမ်ထောင်စုများကိုလည်း ဆိုလာမီး ရရှိရေး သက်ဆိုင်ရာသို့ တင်ပြရန် လိုအပ်နေပါသည်။

## (ဂ) သတင်းနှင့် ဆက်သွယ်ရေး

ပြင်းဖြူကျေးရွာတွင် ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်များကို ဖုန်း(၁) လုံး၊ရေဒီယို(၆)လုံး၊ တီဗွီ(၃)လုံးစသည်တို့မှ ရရှိ ပါသည်။ ဆက်သွယ်ရေးနှင့် သတင်းအချက် အလက်ဆိုင်ရာ နည်းပညာများဖွံ့ဖြိုးတိုးတက်မှု အားနည်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။ ဆက်သွယ်ရေး တယ်လီဖုန်းလိုင်းမှာလည်း မကောင်းပါ။

## ၆။ ပညာရေး

ပြင်းဖြူကျေးရွာအခြေခံပညာမူလတန်းကျောင်းတွင် ကျောင်းသား(၈၆)ဦးရှိပါ သည်။ မူလတန်းအဆင့်အခမဲ့ပညာသင်ကြားရေးစနစ်ကြောင့် ကျောင်းနေသူဦးရေများလာ ပါသည်။ ထို့အပြင် ဘာသာရေးအခြေပြုကျောင်းများတွင် နေထိုင်သူများလည်းမရှိပါ လက်ရှိ မူလတန်း တက်ရောက်သူဦးရေမှာ မူလတန်းကျောင်းနေအရွယ် (၅)နှစ်မှ (၉)နှစ် အရေ အတွက်နှင့် နှိုင်းယှဉ်လျှင် ရာခိုင်နှုန်းပိုနေခြင်းမှာ မူလတန်းတက်ရောက်သူအချို့မှာ (၉)နှစ် အထက် အသက်ကြီးနေသောကြောင့်ဖြစ်ပါသည်။အလယ်တန်း/အထက်တန်းကို (၈)မိုင်ခန့် ဝေးကွာသော ပလမြို့ အထက်တန်းကျောင်းသို့ သွားရောက် တက်ကြရသဖြင့် အလယ် တန်းကျောင်းထွက်နှုန်း နည်း ရခြင်းဖြစ်ပါသည်။

ပြင်းဖြူရွာရှိ အခြေခံပညာမူလတန်းကျောင်းသည် (၆၀'×၃၀'×၁၂') စတုရန်းပေ ရှိသောတစ်ထပ်ကျောင်းဆောင်ဖြစ်၍ စာသင်ခန်းများ၊ ရုံးခန်း၊ ယာယီခွဲထားပါသည်။ သို့သော် လည်း ပြုပြင်ထိန်းသိမ်းရန် လိုအပ်နေပါသည်။ကျောင်းအုပ်ဆရာကြီး(၁)ဦးနှင့် လက်ထောက် ဆရာမ (၄)ဦး စုစုပေါင်း (၅)ဦး၊ ဆရာတပည့် အချိုး (၁:၁၂) ရှိကြောင်းတွေ့ရပါသည်။ (၂)ခန်းတွဲ အိမ်သာ (၁)လုံးရှိ၍ စာသင်ခုံ၊ စာပွဲနှင့် ဘီရိုများ လုံလောက်မှုမရှိပါ။ နယ်ဝေး ဆရာ/မများအတွက်ဝန်ထမ်းအိမ်ရာ(၁)လုံးလိုအပ်လျက်ရှိပါသည်။ ကျောင်းအား ကစားကွင်း တည်ဆောက်ခြင်းနှင့် အားကစားပစ္စည်းများ ဖြည့်တင်းရန် လိုအပ်နေပါသည်။

ပြင်းဖြူကျေးရွာတွင် စာမတတ်သူဦးရေမှာ **(၇.၀၁%)** ရှိပြီ၊ မူလတန်း အဆင့်

ပညာရေး ပြီးမြောက်သူမှာ **(၆၄.၃%)**၊ အလယ်တန်းအဆင့်ပြီးမြောက်သူမှာ **(၃.၅%)**နှင့် အထက်တန်း ပညာရေးပြီးဆုံးသူမှာ **(၈.၂%)** ရှိကြောင်းတွေ့ရ၍ တက္ကသိုလ် ပညာရေး ပြီးဆုံးသူ မရှိကြောင်းတွေ့ရှိရပါသည်။

## ၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ကျန်းမာရေးအတွက် အရေးပေါ်အခြေအနေတွင် (၈) မိုင်ဝေးသော ပလမြို့ ဆေးရုံ တွင် အဓိကထားသွားရောက်၍ပြသပါသည်။ ကျေးရွာအုပ်စုကျန်းမာရေးဌာနခွဲမှ သားဖွား ဆရာမသည် (၁)လ (၁)ကြိမ် ကွင်းဆင်း၍ လိုအပ်သည်များ ကူညီဆောင် ရွက်ပေးပါသည်။ ကျေးရွာကျန်းမာရေး ကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် **လမ်းပန်း ဆက်သွယ်ရေး မကောင်းမွန်သောကြောင့်** အမြဲတမ်းကျန်းမာရေး ဝန်ထမ်း(၁)ဦး၊နှင့် ဆေးဝါးများ လုံလောက် စွာ ချထားပေးခြင်းနှင့် အခါအားလျော်စွာ ကျန်းမာရေး အသိပညာပေး ဟောပြောပွဲများ မကြာခဏ ပြုလုပ်ပေးမည်ဆိုပါက ကျေးရွာအတွက် ကျန်းမာရေးပိုမိုကောင်းမွန်လာ မည်ဖြစ်ပါသည်။

ကျေးလက်ကျန်းမာရေးဌာနခွဲမှ ဆရာမများမှ ကာကွယ်ဆေးများအား ကျေးရွာ အရောက် နှစ်စဉ်နှစ်တိုင်း လိုအပ်သည့် ကာကွယ်ဆေးများအား လာရောက်ထိုးပေးလျှက် ရှိပြီး၊ ကိုယ်ဝန်ဆောင်မိခင်များအတွက် ကျန်းမာရေးစစ်ဆေးပေးခြင်း လည်းရှိပါသည်။

ပြင်းဖြူကျေးရွာတွင် လက်တူတွင်းများမှ အိမ်ထောင်စု(၁၀)စု အသုံးပြု နေပြီး ချောင်း ရေမှ အိမ်ထောင်စု(၅၆)စုအသုံးပြုနေကြရပါသည်။ ချောင်းရေမှ အသုံးပြုရခြင်းမှာ ချိုးရေ အတွက်အဆင်ပြေသော်လည်း သောက်သုံးရန် ဝေးလံစွာ ရေခပ်ယူသုံးစွဲရ သောကြောင့် အချိန်ကုန် လူပင်ပန်းခြင်းနှင့် ကျန်းမာရေး မညီညွတ်သောကြောင့် စိမ့်စမ်းရေ သွယ်တန်း ခြင်းဖြင့် အိမ်တိုင်ရာရောက်ရေသွယ်တန်းပေးမည်ဆိုပါက အချိန်ကုန် လူပင်ပန်းသက်သာပြီး လူနေမှု အဆင့်အတန်းမြှင့်မားလာနိုင်ကြောင်း လေ့လာတွေ့ရှိ ရပါသည်။

ပြင်းဖြူကျေးရွာတွင် ယင်လုံအိမ်သာ သုံးစွဲသောအိမ်ထောင်စု(၁၆)စုရှိပြီး ကျန်အိမ် ထောင်စုများမှာ ယင်လုံအိမ်သာဆောက်လုပ်ရာတွင် ကုန်ကျစရိတ် များပြားခြင်းနှင့် ကျန်းမာ ရေးအသိပညာအားနည်းခြင်းတို့ကြောင့် ဖြစ်ပါသည်။ထို့ကြောင့် တရွာလုံး ယင်လုံအိမ်သာ သုံးစွဲနိုင်ရေး သက်ဆိုင်ရာ ဌာနနှင့်ချိတ်ဆက် ဆောင်ရွက်ရန် လိုအပ် နေပါသည်။

## ၈။ ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ပြင်းဖြူကျေးရွာ၏ စိုက်ပျိုးမြေများမှာ မြေဆီသြဇာ ပြန်လည် ဖြည့်တင်းသည့် စနစ်အား ကျင့်သုံးမှု အားနည်းခဲ့ခြင်း၊ပိုးသတ်ဆေးနှင့် ပေါင်းသတ်ဆေး များသုံးစွဲခြင်းကြောင့် အထွက်နှုန်းနည်းရခြင်းအကြောင်းရင်းတစ်ခုဖြစ်ပါသည်။ ဖျက်ပိုးကျ ရောက်မှု အသင့် အတင့်သာရှိသော်လည်း နည်းပညာပံ့ပိုးပေးနိုင်သည့် စိုက်ပျိုးရေးဦးစီးဌာနနှင့် ချိတ် ဆက်ဆောင်ရွက်မည် ဆိုပါက သီးနှံဖျက်ပိုးနှင့်ပတ်သက်၍ အခက်အခဲများ လျော့နည်း နိုင်ပါသည်။ ထို့အပြင် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုစနစ်မှာလည်း အားနည်းနေသည်ဖြစ်ရာ စနစ်တကျ စွန့်ပစ်ခြင်း၊ အမျိုးအစားအလိုက် ပြန်လည်အသုံးချခြင်းစသည့် စနစ်များအား ဦးဆောင်ဦးရွက်ပြုနိုင်မည့် ကျေးရွာတွင်း အဖွဲ့အစည်း သို့မဟုတ် ကျေးရွာပြင်ပ မှအဖွဲ့အစည်းများမှ လုပ်ငန်းစဉ်အဆင့်ဆင့်အားကျေးရွာသူ/ ကျေးရွာသား များပူး ပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

## ၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

ပြင်းဖြူကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် အမျိုးသမီးများ တက်ကြွစွာပါဝင်ဆောင်ရွက်ကြပြီး အမျိုးသမီးရေးရာ အကြမ်းဖက် မှုများ အတွက် ဥပဒေနှင့်တရားမျှတမှုဆိုင်ရာများအတွက် လူထု၏အသိပညာရရှိမှု မရှိခြင်းကြောင့် ဟောပြောပွဲများ ပြုလုပ်ပေးရန် လိုအပ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

## ၁၀။ ပုလောမြို့နယ်၊လက္ကူးကျေးရွာအုပ်စု၊ ပြင်းဖြူကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဦးစားပေးစီမံချက်များ

| စဉ် | ကဏ္ဍ | ကဏ္ဍခွဲ | စီမံချက်ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | ဦးစားပေး အဆင့် | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | အခြေခံအဆောက်အဦ | ကျေးလက်လမ်း၊ရွာချင်းဆက်လမ်း၊တံတား ဆောက်လုပ်ခြင်း | ကျေးလက်လမ်းတံတား | ကွန်ကရစ်လမ်းခင်း ခြင်း (၆၀၀' x ၁၂ x ၆'') | ပထမ | |
| ၂ | ပညာရေး | အခြေခံပညာရေးဆိုင်ရာ | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊သင်ထောက်ကူ | ကျောင်းဆောင်(၃၀'-၆၀')ပြုပြင် ထိန်းသိမ်းခြင်း | ဒုတိယ | |
| ၃ | ပညာရေး | အခြေခံပညာရေးဆိုင်ရာ | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊သင်ထောက်ကူ | ဆရာ/မများ နေထိုင်ရန် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်း | တတိယ | |
| ၄ | ပညာရေး | အခြေခံပညာရေးဆိုင်ရာ | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊သင်ထောက်ကူ | ကျောင်းသုံးပရိဘောဂ လုံလောက်စွာ ဖြည့်တင်းခြင်း | | |
| ၅ | ပညာရေး | အခြေခံပညာရေးဆိုင်ရာ | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊သင်ထောက်ကူ | ကျောင်းအားကစားကွင်းပြုပြင်ခြင်းနှင့် အားကစားပစ္စည်းများ ဖြည့်တင်းပေးခြင်း | | |
| ၆ | ကျန်းမာရေး | အခြေခံကျန်းမာရေးဝန်ဆောင်မှု ကျေးလက်ကျန်းမာရေးဝန်ဆောင်မှု | ကျန်းမာရေးပညာပေး ကျောင်းကျန်းမာရေး | ကျန်းမာရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲများ ပြုလုပ်ပေးခြင်း | | |
| ၇ | ကျန်းမာရေး | အခြေခံကျန်းမာရေးဝန်ဆောင်မှု၊ကျေးလက် ကျန်းမာရေးဝန်ဆောင်မှု | သားဖွါးဆရာမ၊ကျေးလက် ကျန်းမာရေးမှူး | အမြဲတမ်းကျန်းမာရေးဝန်ထမ်း(၁)ဦးလိုအပ်ခြင်း | | |
| ၈ | ကျန်းမာရေး | အခြေခံကျန်းမာရေးဝန်ဆောင်မှု၊ကျေးလက် ကျန်းမာရေးဝန်ဆောင်မှု | ကျေးလက်ကျန်းမာရေးဆေး ပေးခန်းကာကွယ်ဆေးထိုးခြင်း | ဆေးဝါးများ လုံလောက်စွာ ဖြည့်တင်းခြင်း | | |
| ၉ | ကျန်းမာရေး | အခြေခံကျန်းမာရေးဝန်ဆောင်မှု၊ကျေးလက် ကျန်းမာရေးဝန်ဆောင်မှု | ကျန်းမာရေး၊ ပညာပေးကျောင်းကျန်းမာရေး | ယင်လုံအိမ်သာများ သုံးစွဲနိုင်ရေး သက်ဆိုင်ရာဦးစီးဌာနသို့ တင်ပြပေးခြင်း | | |
| ၁၀ | အခြေခံအဆောက်အဦ | ကျေးလက်လမ်း၊ရွာချင်းဆက်လမ်း၊တံတား ဆောက်လုပ်ခြင်း | ကျေးလက်လမ်းတံတား | ကျေးရွာတွင်းလမ်း( ၃ )ဖာလုံ ကျောက်ချောလမ်းသို့ အဆင့်မြင့်တင်ခြင်း | | |

| စဉ် | ကဏ္ဍ | ကဏ္ဍခွဲ | စီမံချက်ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | ဦးစားပေး အဆင့် | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁၁ | အခြေခံအဆောက်အဦ | ကျေးလက်လမ်း၊ရွာချင်းဆက်လမ်း၊တံတား ဆောက်လုပ်ခြင်း | ကျေးလက်လမ်းတံတား | ကျေးရွာချင်းဆက်လမ်း ( ၁ )မိုင်အား ကျောက်ချောလမ်းသို့ အဆင့်မြှင့်တင်ခြင်း | | |
| ၁၂ | မွေးမြူရေးနှင့် ငါးလုပ်ငန်း မွေးမြူရေးပညာ | မွေးမြူရေးနှင့် ကုသရေး ပညာပေး၊ နည်းပညာပြန့်ပွားရေး | နည်းပညာ | မွေးမြူရေးဆိုင်ရာ နည်းပညာရောဂါကာကွယ်မှုသင်တန်းများ ပြုလုပ်ပေးခြင်း | | |
| ၁၃ | မွေးမြူရေးနှင့် ငါးလုပ်ငန်း မွေးမြူရေးပညာ | တိရိစ္ဆာန်မွေးမြူရေး | တိရိစ္ဆာန်မွေးမြူရေး | မွေးမြူရေးမျိုးကောင်းမျိုးသန့်ရရှိရန် ပြုလုပ်ပေးခြင်း | | |
| ၁၄ | စိုက်ပျိုးရေး | စိုက်ပျိုးရေးနည်းပညာ | နည်းပညာ | စိုက်ပျိုးရေးနည်းပညာသင်တန်းများ ပြုလုပ်ပေးခြင်း | | |
| ၁၅ | စိုက်ပျိုးရေး | သက်တမ်းတိုးသီးနှံများစိုက်ပျိုးခြင်း | သက်တမ်းတိုးသီးနှံများ | စပါးမျိုးကောင်းမျိုးသန့်များရရှိရန် ပြုလုပ်ပေးခြင်း | | |
| ၁၆ | လျှပ်စစ် | မိသားစုသုံးဆိုလာအားသွင်းစနစ်ဖြင့် မီးလင်းစေရေး | မိသားစုသုံးဆိုလာ | အိမ်တိုင်းစွေ ဆိုလာမီး အသုံးပြုနိုင်ရေး တင်ပြခြင်း | | |
| ၁၇ | လျှပ်စစ် | ရေအားလျှပ်စစ်စက်ရုံစနစ်ဖြင့် မီးလင်းစေရေး | ရေအားလျှပ်စစ်စက်ရုံ | ရေအားလျှပ်စစ် ထုတ်ယူနိုင်ရန် တင်ပြခြင်း | | |
| ၁၈ | ထုတ်ကုန်လုပ်ငန်းနှင့် အသေးစား အလတ်စား စီးပွါးရေးလုပ်ငန်းများ ဆိုင်ရာ | အခြားထုတ်ကုန်လုပ်ငန်းများ အသေးစား အလတ်စား နှင့်အကြီးစားလုပ်ငန်းဆိုင်ရာများ | ထုတ်ကုန်လုပ်ငန်းများ SMLE | အသက်မွေးဝမ်းကျောင်းသင်တန်းများ(စက်ပြင်၊အပ်ချုပ်၊ ဆိုင်ကယ်ပြင်၊လက်သမား ပန်းရံ၊ မုန့်လုပ်)ပြုလုပ်ပေးခြင်း | | |
| ၁၉ | ငွေကြေး | အသေးစားငွေကြေးဝန်ဆောင်မှု | အသေးစား | အတိုးနှုန်းသက်သာသော ကာလရှည်ချေးငွေများ ရရှိရန် ချိတ်ဆက်ပေးခြင်း | | |
| ၂၀ | လူငယ်နှင့်အားကစား | လူငယ်အရည်အသွေးနှင့်စွမ်းဆောင်ရည်ဖွံ့ဖြိုး စေရေး | လူငယ်အခွင့်အလမ်း | စွမ်းဆောင်ရည် မြှင့်တင်ရေး သင်တန်းများ ပြုလုပ်ပေးခြင်း | | |

နောက်ဆက်တွဲ (၁)

**လက္ကျားကျေးရွာအုပ်စု၊ ပြင်းဖြူကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း**

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးစံကိုသိန်း | ဦးသိန်းမောင် | ၆/ပလန(နိုင်) ၀၁၀၂၄၆ | ၃၈ | ဥက္ကဋ္ဌ | - |
| ၂ | ဒေါ်ကလျာ | ဦးမောင်ကို | ၆/ပလန(နိုင်)၀၆၇၃၉၉ | ၃၂ | အတွင်းရေးမှူး | - |
| ၃ | ဦး မောင်ငို | ဦးကျော်သန်း | ၆/ပလတ(နိုင်)၀၀၃၉၇၅ | ၅၁ | ဘဏ္ဍာရေးမှူး | - |
| ၄ | ဒေါ်ပပ | ဦး ကျော်သာ | ၆/ပလန(နိုင်) ၀၅၈၅၄၈ | ၂၅ | စာရင်းကိုင် | - |
| ၅ | ဒေါ် စံပယ် | ဦး ကိုမောင် | ၆/ပလန(နိုင်)၀၃၄၁၇၈ | ၂၂ | စာရင်းစစ် | - |

## ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

### (၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

### (က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

**ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၈ | ၆ | ၁၄ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅နှစ်အောက်ကလေးငယ် | ၂၄ | ၁၆ | ၄၀ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၂၁ | ၂၈ | ၄၉ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၂၇ | ၂၃ | ၅၀ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၈၄ | ၉၀ | ၁၇၄ |
| ၆၅ နှစ်အထက် | သက်ကြီးရွယ်ကြီး | ၈ | ၇ | ၁၅ |
| **စုစုပေါင်း** | | **၁၇၂** | **၁၇၀** | **၃၄၂** |
| **စုစုပေါင်း အိမ်ထောင်စု** | | **၆၆** | | |

**ရင်းမြစ်**… (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**လေ့လာတွေ့ရှိချက်။** ။ ပြင်းဖြူကျေးရွာတွင် အိမ်ထောင်စု (၆၆)စုရှိပြီး လူဦးရေစုစုပေါင်း(၃၄၂)ဦး ရှိပါသည်။ ပျှမ်းမျှတစ်အိမ်ထောင်လျှင် (၅.၁၉)ဦးရှိပါသည်။ အသက်(၁၅)နှစ် မှ (၆၄) နှစ်အထိ အလုပ်လုပ်နိုင်သောလူဦးရေမှာ တစ်ရွာလုံးရှိလူဦးရေ၏(၅၀.၈%) ရှိပြီးအသက်(၁၅) နှစ်အောက် လူဦးရေနှင့် အသက်(၆၀) နှစ်အထက်လူဦးရေစုစုပေါင်း (၄၉.၂%)သည် မှီခိုသူများဖြစ်ပါသည်။ ပျှမ်းမျှတစ်အိမ် ထောင်လျှင် (၅.၂) ဦးနှုန်းရှိသောကြောင့် ကျေးလက်အိမ်ထောင်စု၏ အမျိုးသား အဆင့် ပျှမ်းမျှတစ် အိမ်ထောင်လျှင် (၅)ဦးနှုန်းထက် ပိုနေပါသည်။ သို့သော်လည်း ကျေးရွာတွင်း အလုပ်လုပ်နိုင်သော လူဦးရေများပြားမှုကြောင့် လူသားအရင်း အမြစ်ကောင်း များအဖြစ် ကျေးရွာ ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့မှုကောင်းများပေးနိုင်ပါသည်။

### (ခ) အလုပ်လုပ်နိုင်သူ အင်အား

### (ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

**ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သောအခြားဝင် ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစု ဝင် လုပ်အား | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၆၀ | ၉၈ | | မြင့်☐လတ် ✔ နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၅ | ၁၅ | | မြင့်☐လတ် ✔ နိမ့်☐ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | | မြင့်☐လတ်☐နိမ့်☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၁ | ၁ | မြင့်☐လတ်☐နိမ့်☐ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သောအခြားဝင် ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| ၁၁ | **လက်လီ-လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်□လတ်□နိမ့်□ |
| | အလုပ်သမား / ဝန်ထမ်း | - | - | ၂ | မြင့်□လတ်□နိမ့်□ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်□လတ်□နိမ့်□ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်□လတ်□နိမ့်□ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | – | မြင့်□လတ်□နိမ့်□ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်□လတ်□နိမ့်□ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်□လတ်□နိမ့်□ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်□လတ်□နိမ့်□ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်□လတ်□နိမ့်□ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်□လတ်□နိမ့်□ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်□လတ်□နိမ့်□ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်□လတ်□နိမ့်□ |
| ၁၇ | **ပညာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်□လတ်□နိမ့်□ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်□လတ်□နိမ့်□ |
| ၁၈ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်□လတ်□နိမ့်□ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်□လတ်□နိမ့်□ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်□လတ်□နိမ့်□ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်□လတ်□နိမ့်□ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် | - | - | ၃၀ | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | အလုပ်သမား | | | | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | **စုစုပေါင်း** | ၆၆ | ၁၁၄ | ၃၃ | ☒ |

**ရင်းမြစ်**… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။** ။"**အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ**"အရေအတွက်တွင်"**မိသားစုဝင်လုပ်အား**" **ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ "**ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)**" ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများ အတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကို ဆိုလိုပါသည်။ ဥပမာ -"**စိုက်ပျိုးရေး**" ကဏ္ဍ၏ "**ကိုယ်ပိုင်လုပ်ငန်း**"တွင်ရပ်တည်နိုင်မှု"**မြင့်**" ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** ။ ပြင်းဖြူကျေးရွာတွင် အလုပ်လုပ်နိုင်သောလူဦးရေစုစုပေါင်းမှာ (၁၇၄)ဦး ဖြစ်ပြီး ကျား(၈၄)ဦး၊ မ(၉၀)ဦး ရှိသောကြောင့် အမျိုးသမီးလုပ်သားအင်အားမှာ အမျိုးသား လုပ်သားအင်အားထက်ပိုမိုပါသည်။ ပြင်းဖြူကျေးရွာတွင် အဓိကအသက်မွေးဝမ်းကျောင်း လုပ်ငန်းအဖြစ် စိုက်ပျိုး ရေးလုပ်ငန်း(တောင်ယာလုပ်ငန်း၊ ဥယျာဉ်ခြံလုပ်ငန်း)များကိုသာ အဓိကထား လုပ်ကိုင်လျက်ရှိကြပါသည်။ မဒေါကျေးရွာတွင်အိမ်ထောင်စု (၆၆)စုရှိပြီး ဥယျာဉ်ခြံ လုပ်ငန်းကို အိမ်ထောင်စု (၆၁) စုက လုပ်ကိုင်လျက်ရှိကြပါသည်။

## ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

**ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | | | | |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | - | - | - | - |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | - | - | - | - |

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | - | - | - | - |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၁၀၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၅၀၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | - | - | - | - |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | - | - | - | - |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | နေ့စား | - | - | - | - |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | - | - | - | - |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။**

**မှတ်ချက်** (၁) **လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ** = (**လစာ** ÷ ၂၂.၇၅)

(၂) **နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ** = (**တစ်နာရီဝင်ငွေ** × ၈)

**လေ့လာတွေ့ရှိချက်။** ။ပြင်းဖြူကျေးရွာတွင် အိမ်ထောင်စုအများစုမှာ ကိုယ်ပိုင်ဥယျာဉ်လုပ်ငန်းကို လုပ်ကိုင်လျက်ရှိ ကြသော်လည်း ဆောက်လုပ်ရေးလုပ်ငန်းများဖြစ်သော လက်သမား၊ ပန်းရံလုပ်ငန်း များ၌လုပ်အားခပေးချေနှုန်းများကို နှိုင်းယှဉ်ကြည့်လျှင် အမျိုးသား တစ်ဦး၏ တစ်ရက် လုပ်အား ခမှာ အမျိုးသမီးတစ်ဦး၏ တစ်ရက်လုပ်အားခထက် အနည်းငယ် ပိုမိုများပြားလျက်ရှိကြောင်း တွေ့ရှိရပါ သည်။

**(ဂ)** **သဘာဝရင်းမြစ်များ**

**(ဂ-၁)** **စိုက်ပျိုးနိုင်သော မြေဧရိယာ**

**ဇယား** (၄) **ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး(မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) |
|---|---|---|
| **လယ်မြေ** | ၄ | ကောင်း ☐ သင့် ✔ ညံ့ ☐ |
| **ယာမြေ / တောင်ယာမြေ** | ၅၂.၅ | ကောင်း ☐ သင့် ✔ ညံ့ ☐ |
| **ဥယျာဉ်ခြံမြေ** | ၁၀၄.၅ | ကောင်း ☐ သင့် ✔ ညံ့ ☐ |
| **ကိုင်း/ကျွန်းမြေ** | ၄၁ | ကောင်း ☐ သင့် ✔ ညံ့ ☐ |
| **ဓနိတောမြေ** | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **စားကျက်မြေ** | | ကောင်း ☐ သင့်ှ်☐ ညံ့ ☐ |
| **မြေလွတ် မြေလပ်** | | ကောင်း ☐ သင့်☐ ညံ့ ☐ |

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး(မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| စုစုပေါင်း | ၂၀၂ | ☒ |

**ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။ ။မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။**

**လေ့လာတွေ့ရှိချက်။** ။ ပြင်းဖြူကျေးရွာတွင် စပါးကို မိုးစပါးတစ်မျိုးတည်း သာ စိုက်ပျိုးကြပါသည်။ တောင်ယာစိုက်ပျိုးရေးနှင့် ဥယျာဉ်ခြံ စိုက်ပျိုးရေးလုပ်ငန်းများကိုသာ အဓိက ထား၍လုပ်ကိုင်ကြပြီး မြေဆီလွှာမှာလည်း အသင့်အတင့်ကောင်းမွန်သောကြောင့် ဥယျာဉ်ခြံမြေ၊ နှစ်ရှည်သီးနှံများစိုက်ပျိုး ရေးလုပ်ငန်းများအတွက် ပြဿနာမရှိပါ။

**(၈-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ**

**ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ**

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| **သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)** | များ☐ သင့်☐ နည်း☐ မရှိ✓ | လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ ✓ |
| **ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ** | များ☐ သင့်☐ နည်း☐ မရှိ✓ | လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ ✓ |
| **သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)** | များ☐ သင့်☐ နည်း☐ မရှိ✓ | လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ ✓ |
| **သဘာဝ တိရစ္ဆာန်မျိုးစိတ်များ** | များ☐ သင့်☐ နည်း☐ မရှိ✓ | ☒ |

**ရင်းမြစ်..ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။**

**လေ့လာတွေ့ရှိချက်။** ။ ပြင်းဖြူကျေးရွာတွင် ဓါတ်သတ္တုဆိုင်ရာ သဘာဝအရင်းအမြစ်များထွက်ရှိမှုမရှိပါ။ သို့သော်လည်း ကျန်းမာရေးအတွက် အရေးပါသော ဆေးဖက်ဝင်အပင်များ ပေါများစွာ ပေါက်ရောက်လျက်ရှိသောဒေသတစ်ခုလည်းဖြစ်ပါသည်။

**(ဃ) ဥစ္စာဓနအဆင့်အခြေအနေ**

**ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ**

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့် ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | ၂ | ၁၁ | ၁၇ | ၃၆ |

**ရင်းမြစ် ...** (၁) **ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။**

**လေ့လာတွေ့ရှိချက်။** ပြင်းဖြူကျေးရွာတွင် ကျေးရွာ၏အနေအထားကို ကျေးရွာသူကျေးရွာသားများ ၏ ဆန်းစစ်အကဲဖြတ်သော ဥစ္စာဓနအဆင့်ခွဲခြားမှုနည်းလမ်းအရ သိရှိခဲ့ရပါသည်။ အများအားဖြင့် အလယ်အလတ် ရှိသောအိမ်ထောင်စုနှင့် မပြေလည်သောအိမ်ထောင်စု များဖြစ်လျက်ရှိကြသည်ကို တွေ့ရှိရပါသည်။ ဥယျာဉ်ခြံမြေပိုင်ဆိုင်မှုအသင့်အတင့်ရှိကြပြီး မိသားစု၏အဓိက ဝင်ငွေမှာ နည်းပါး လျက်ရှိကြပါသည်။

**(င) ထိခိုက်လွယ်မှု**

**(င-၁) ဝမ်းစာဖူလုံမှု**

**ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)**

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ၃ လအောက် ဝမ်းစာဖူလုံမှု | ၁၅ | အခြားအစာပြောင်းလဲစား= ___________<br>အစာလျှော့စား = ___________<br>အထောက်အပံ့ယူ = ___________<br>ချေးယူ = ၁၀<br>လုပ်အားခကြိုယူ = ၅ |
| ၃ လနှင့် ၆ လကြား | ၉ | အခြားအစာပြောင်းလဲစား= ___________ |

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ဝမ်းစာဖူလုံမှု | | အစာလျှော့စား = ___________<br>အထောက်အပံ့ယူ = ___________<br>ချေးယူ = ၆<br>လုပ်အားခကြိုယူ = ၃ |
| ၆လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု | - | အခြားအစာပြောင်းလဲစား= ___________<br>အစာလျှော့စား = ___________<br>အထောက်အပံ့ယူ = ___________<br>ချေးယူ = ___________<br>လုပ်အားခကြိုယူ = ___________ |

**ရင်းမြစ်..ဥစ္စာခနေအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။**

**လေ့လာတွေ့ရှိချက်။** ။ ပြင်းဖြူကျေးရွာတွင် ဥစ္စာခနေသတ်မှတ်ချက်အဆင့် (၃)နှင့်(၄) အိမ်ထောင်စု စုစုပေါင်း၏ **(၃၀%)**စီအား စစ်တမ်းကောက်ယူရာတွင် ဝမ်းစာဖူလုံမှုအတွက် ချေးငှားခြင်းနှင့် လုပ်အားခကြိုတင်ရယူခြင်းဖြင့် ဝမ်းစာရေးအခက်အခဲကိုဖြေရှင်းကြပါသည်။ ဆန်ရှားပါးမှုကြောင့်/ ဈေးကြီးမှုကြောင့် အခြားအစားစာများကိုပြောင်းလဲစားသုံးခြင်း၊ ထမင်းတစ်နပ်လျော့စားခြင်း များမှာ တစ်ကြိမ်တစ်ခါမှ မဖြစ်ဖူးကြောင်းကို စားနပ်ရိပ်ကၡာဖူလုံမှုဆန်းစစ်ချက်ရလဒ်အရသိရှိရပါ သည်။ မြေယာမဲ့ ကျပန်းအသမားများမှာ အခြားသောအချိန်များတွင် အတိုးဖြင့်ငွေချေးခြင်း နှင့် အခြားဒေသများသို့သွားရောက်လုပ်ကိုင်ခြင်းဖြင့် ဝမ်းစာကိုဖူလုံအောင်ဖြေရှင်းလျက်ရှိကြပါသည်။

## (င-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

**ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ**

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက် | ၃ | ၃ | ၆ |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | - | - | - |
| | အိမ်ထောင်စု အရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | ၂ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | - | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | ၃ | | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ ပြင်းဖြူကျေးရွာတွင် သက်ကြီးရွယ်အိုများအတွက် ကူညီစောက်ရှောက်မှုများ အထူးလိုအပ်လျက်ရှိပါသည်။ အများစုမှာ ဆွေမျိုးများတော်စပ်ကြသော်လည်း မိသာစုစားဝတ်နေ ရေးအရအဆင်မပြေခြင်း တစ်ခြားအရပ်ဒေသများသို့ သွားရောက်၍

အလုပ်လုပ်ကိုင်နေရခြင်းတို့ ကြောင့်ဖြစ်ပါသည်။

**(င-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ**

**ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ**

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | မြင့် ☐ လတ် ☐ နိမ့် ✓ မရှိ ☐ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | မြင့် ☐ လတ် ☐ နိမ့် ✓ မရှိ ☐ |
| ၃ | ရေကြီးခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၄ | မိုးခေါင်ခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၅ | အအေးလွန်ကဲခြင်း | မြင့် ☐ လတ် ☐ နိမ့် ✓ မရှိ ☐ |
| ၆ | မုန်တိုင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၇ | လျှော် | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၈ | မီးဘေး | မြင့် ☐ လတ် ☐ နိမ့် ✓ မရှိ ☐ |
| ၉ | ဆားငန်ရေဝင်မြေ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မြင့် ☐ လတ် ☐ နိမ့် ✓ မရှိ ☐ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် ☐ လတ် ☐ နိမ့် ✓ မရှိ ☐ |
| ၁၂ | ငှက်ဖျားရောဂါ | မြင့် ☐ လတ် ✓ နိမ့်☐ မရှိ ☐ |
| ၁၃ | တီဘီရောဂါ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မြင့် ☐ လတ် ☐ နိမ့် ✓ မရှိ ☐ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | မြင့် ☐ လတ် ☐ နိမ့် ✓ မရှိ ☐ |
| ၁၇ | လူကုန်ကူးခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည် | မြင့် ☐ လတ် ✓ နိမ့်☐ မရှိ ☐ |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ ပြင်းဖြူကျေးရွာတွင် အဓိကလုပ်ငန်းမှာ တောင်ယာလုပ်ငန်းနှင့် ဥယျာဉ်ခြံလုပ်ငန်းတို့ဖြစ်ပြီး အချို့မှာလည်း ဝါးခုတ်လုပ်ငန်းကိုလည်းလုပ်ကိုင်လျက်ရှိကြပါသည်။ ပြင်းဖြူကျေးရွာတွင် မြို့နှင့် အလှမ်းဝေးသောကြောင့် ဆက်သွယ်ရေးခက်ခဲခြင်း၊ မိုးရာသီတွင် လမ်းများမကောင်းသောကြောင့် သွားရေးလာရေးခက်ခဲမှုရှိခြင်း၊ တယ်လီဖုန်းဆက်သွယ်ရေး လိုင်းမှာ လည်း မကောင်းပါသဖြင့် စီးပွားရေး၊လူမှုရေးအခက်မခဲများလည်းဖြစ်ပေါ်လျက်ရှိပါသည်။

## (င-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

**ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ**

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | **ထိခိုက်လွယ်မှု** (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) |
|---|---|---|
| ၁ | လူငယ် | မြင့် ☐ လတ် ☐ နိမ့် ✓ မရှိ ☐ |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | မြင့် ☐ လတ် ✓ နိမ့် ☐ မရှိ ☐ |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐ |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု | မြင့် ☐ လတ် ☐ နိမ့် ✓ မရှိ ☐ |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✓ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့် ✓ မရှိ ☐ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✓ |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့် ✓ မရှိ ☐ |
| ၉ | ငါးကန်ပိုင်ရှင်များ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✓ |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်းများ | မြင့် ☐ လတ် ☐ နိမ့် ✓ မရှိ ☐ |
| ၁၁ | လူနည်းစုလူမျိုးများ | မြင့် ☐ လတ် ☐ နိမ့် ✓ မရှိ ☐ |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✓ |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✓ |
| ၁၄ | ရွှေတွင်းလုပ်သားများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✓ |
| ၁၅ | ဆေးစွဲသူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✓ |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ | မြင့် ☐ လတ် ☐ နိမ့် ✓ မရှိ ☐ |
| ၁၇ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | မြင့် ☐ လတ် ☐ နိမ့် ✓ မရှိ ☐ |
| ၁၈ | နေရပ်ပြန် အခြေချသူများ | မြင့် ☐ လတ် ☐ နိမ့် ✓ မရှိ ☐ |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | မြင့် ☐ လတ် ☐ နိမ့် ✓ မရှိ ☐ |
| ၂၀ | ကားမောင်းပြီး အသက်မွေးသူများ | မြင့် ☐ လတ် ☐ နိမ့် ✓ မရှိ ☐ |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ ပြင်းဖြူကျေးရွာတွင် မိသားစုဆွေမျိုးသားချင်းများဖြင့် ရွာကိုတည်ထောင်ထားသောကြောင့် စည်းလုံးညီညွတ်မှုရှိကြပါသည်။ သဘာဝဘေးအန္တရာယ်များကြုံတွေ့လာပါက စုပေါင်း၍ဖြေရှင်းတတ်ကြပြီး ငွေရေး၊ကြေးရေးအရ ဖူလုံမှုမရှိသဖြင့် တောင်ယာစိုက်သော ရွာသူ/ရွာသားများအတွက် ထိခိုက်နိုင်ချေများနိုင်ပါသည်။

## (၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

### (က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

### (က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

**ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ**

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (<u>အနည်းဆုံးတစ်ခုနှင့် အထက်</u> ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၁ | ကက်သလစ်သာသနာ | ၁☐ ၂☐ ၃✔ | ၂၅ | ၁၀ | ၃၅ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ✔<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✔<br>လုံခြုံရေးနှင့် ကာကွယ်ရေး ✔ | ကောင်း ☐<br>သင့် ✔<br>ညံ့ ☐ |
| ၂ | ကျောင်းအကျိုးတော်ဆောင်ကော်မတီ | ၁☐ ၂✔ ၃☐ | ၅ | - | ၅ | ပညာရေး ✔ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ✔<br>ညံ့ ☐ |

**ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။**

**အုပ်စုအမျိုးအစား**

(၁) **စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။**

(၂) **လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။**

(၃) **ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။**

**လေ့လာတွေ့ရှိချက်။** ။ ပြင်းဖြူကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် ဦးတည်၍ ဖွဲ့စည်းထားသော အဖွဲ့များ များစွာမရှိသော်လည်း ကျေးရွာ၏ ရပ်ရွာရေး၊ သာရေး/နာရေး နှင့် ကျေးရွာအတွက်လိုအပ်သောကိစ္စအဝဝ မှန်သမျှကို ကက်သလစ်ဘုန်းတော်ကြီးဦးဆောင်သော ကက်သလစ်သာသနာပြုအသင်းတော်ကသာ တာဝန်ယူဦးဆောင်၍ တစ်ရွာလုံးစည်းလုံးညီညွတ်စွာဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်ကိုတွေ့ရှိပါသည်။

### (က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

| စဉ် | အမည် | အဖွဲ့အစည်း အမျိုးအစား (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်) |
|---|---|---|---|

| စဉ် | အမည် | အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်) |
|---|---|---|---|
